စိန်နိုးယံစာပေ

# ကောင်မလေးရဲ့ ပါးပေါ်မှာ



**မောင်ကိုကို**
(အမရပူရ)

ဒုတိယအကြိမ်

**အရဟံ ဗုဟိ - အန္တ - ဇယံ သုဂတံ**

**အမိတံ ဝိရဇံ လလိတံ အတုလံ**

**စရဏံ တိ - ဘဝူပ - သမံ ယမကံ**

**သုခဒံ သရဏံ ပဏမာမိ ဇိနံ။**

အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

ဗုဟိ - အန္တ - ဇယံ - အတွင်းအပရန်ကို အောင်တော်မူသော မြတ်စွာဘုရား၊

သုဂတံ - ကောင်းသောစကားကို ဟောပြောတတ်သော မြတ်စွာဘုရား၊

အမိတံ - မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာရှိသော မြတ်စွာဘုရား၊

ဝိရဇံ - ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရား၊

လလိတံ - တင့်တယ်သပ္ပာယ်တော်မူသော မြတ်စွာဘုရား၊

အတုလံ - အတုမရှိသော မြတ်စွာဘုရား၊

စရဏံ - အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊

တိ - ဘဝူပ - သမံ - ဘုံသုံးပါး၌ ကိလေသာငြိမ်းအေးသော မြတ်စွာ

ဘုရား၊

ယမကံ - ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံသော မြတ်စွာဘုရား၊

သုခဒံ - ချမ်းသာကိုပေးစွမ်းနိုင်သော မြတ်စွာဘုရား၊

သရဏံ - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရား၊

ပဏာမာမိ ဇိနံ - မာရ်ငါးပါးကို အောင်မြင်သော မြတ်စွာဘုရားကို ရှိခိုးပါ၏။

***

## အဖွင့်

နှင်းတွေ ပြာလဲ့လဲ့ ကြွေဆင်း ကျနေ၏။

မော်တော်ဆိုင်ကယ်တွေ လမ်းပေါ်မှာ ဖြတ်မောင်း သွားနေကြသည်။

မော်တော်ဆိုင်ကယ်ပေါ်မှ လူများ သည် ပေါက်ကျော် မဟုတ်သော လူငယ်များ ဖြစ်ပါသည် ။

ပေါက်ကျော်သည် အညတြ လူငယ်တစ်ယောက် ဖြစ်ပါသည် ။

ပေါက်ကျော်သည် ဤ၀တ္ထု၏ ဇာတ်လိုက် ဖြစ်ပါသည် ။

ပေါက်ကျော်ဘ၀က သာမန် လူငယ်တစ်ဦးထက် နည်းနည်းလေး

ဆိုးရွားစွာ ထူးခြားတာက သူ၏ ညာဘက် ခြေချင်းဝတ်မှာ အတန်ငယ် ခွင်နေပါသည် ။ ပေါက်ကျော်သည် ညာဘက် ခြေဖဝါးနှင့် လမ်းမလျှောက်ဘဲ ခြေဖဝါး၏ နံဘေးသားများ ဖြင့် လမ်းလျှောက်ပါသည် ။

ပေါက်ကျော်မှာ စက်ဘီးကလေး တစ်စီးမျှပင် မရှိပါ။

အဖေနှင့်အမေက ပေါက်ကျော်ကို နေ့စဉ် ထမင်း ကျွေးထား၏။

"လက်ဖက်ရည်ဖိုးနဲ့ အရက်ဖိုးက ပြဿနာပဲ"

ပေါက်ကျော် ထအော်သည် ။

ဘုရားသခင် ကြားသွားခဲ့၏။

ဘုရားသခင်၏ ကျေးဇူးတရားကြောင့် ပေါက်ကျော်မှာ အပေါင်းအသင်းတွေ ရှိခဲ့ပြန်သည် ။

"တစ်ခါတစ်ရံတော့ ဘုရားသခင်ဟာ တော်တော်လေး ကျေးဇူးတင်စရာ ကောင်းတယ်ဗျ။ ဘာလို့ လဲဆိုတော့ ဘုရားသခင်က ကျွန်တော့်အတွက် သူငယ်ချင်းတချို့ ဖန်ဆင်း ပေးထားတယ်။ အဲဒီ သူငယ်ချင်းတွေက ကျွန်တော့်ကို လက်ဖက်ရည်လည်း တိုက်တယ်၊ အရက်လည်း တိုက်တယ်"

ပေါက်ကျော်က ပြောသည် ။

စက်ဘီးဘဲလ်သည် အဝေးကြီးကနေ ပြေးလာနေသည် ။

ပေါက်ကျော် ရှီခနဲ လေချွန်လိုက်၏။

ဘယ်လောက် ပျော်ဖို့ ကောင်းတဲ့ လောကကြီးပါလဲ။

ဟုိမ႑ာ သူ့ကို လက်ဖက်ရည် တိုက်မယ့် စက်ဘီးဘဲလ်သံက အဝေးကြီးကနေ ပြေးလာနေပြီ။

စက်ဘီးဘဲလ်သံနှင့်အတူ အသံတစ်ခု လွင့်ကျလာသည် ။

"ပေါက်ကျော်လာဟေ့ ... လက်ဖက်ရည်ဆိုင် သွားကြစို့"

ပေါက်ကျော်လက်မှ မဂ္ဂဇင်း စာအုပ်ကို ခုတင်ပေါ် လွှင့်ပစ်လိုက်သည် ။

"အပေါ်အင်္ကျီ ထပ်ဝတ်လိုက်ဦးမယ်"

"ဘုရားသခင်က ကျွန်တော့်ကို လက်ဖက်ရည် တိုက်ဖို့ အရက်တိုက်ဖို့ သူငယ်ချင်းတွေ ဖန်ဆင်း ပေးထားခဲ့တယ်။ ဒါ့အပြင် ဘုရားသခင်က ကျွန်တော့်အတွက် အရက် ဆိုတာလည်း ဖန်ဆင်း ပေးထားခဲ့သေးတယ် ။ ကြာတော့လည်း သူများ တိုက်တဲ့ လက်ဖက်ရည်နဲ့ သူများ တိုက်တဲ့ အရက်ကို နေ့စဉ် သောက်ရတာ ရှက်လာတယ်"

ပေါက်ကျော် အော်မပြောပေမဲ့ တိုးတိုးလေး သူပဲ ကြားနိုင်ရုံ ပြောနေပါသည် ။

***

"ဘုရားသခင်က ပိုက်ဆံတွေ ဖန်ဆင်းခဲ့တယ်။ ဘုရားသခင်ဟာ အလုပ်တွေ ဖန်ဆင်း ပေးခဲ့တယ်"

"အဲဒီအပြင် ဘုရားသခင်ဟာ ဂျာနယ်တွေလည်း ဖန်ဆင်း ပေးခဲ့တာပဲ။ ပိုက်ဆံတွေ မော်တော်ကားတွေက တချို့သော လူတွေအတွက် ဖြစ်လာတယ်။ အလုပ် ကောင်းကောင်း တွေက သာမန်ထက် ပိုထူးချွန်တဲ့ လူတွေ အတွက် ဖြစ်တယ်"

"ဘုရားသခင် ဖန်ဆင်းပေးထားတဲ့ ဂျာနယ်တွေက ငါတို့လို သာမန် လူငယ်တွေ အတွက် ဖြစ်တယ်။ သာမန် လူငယ်တွေလိုပဲ ငါဟာ ဂျာန ယ်တွေ ဖတ်ခဲ့တယ်။ သာမန် လူငယ်တွေထက် နည်းနည်းလေး တစ်မူး သာသွားတာက ဂျာနယ်တွေထဲမှာ သတင်း အတိုအထွာ ရေးပို့ပြီး ပိုက် ဆံ ငွေကြေးရှာဖို့ ဖြစ်တယ်။ ဒီစိတ်ကူးတွေကိုလည်း ဘုရားသခင်ကပဲ ပေးခဲ့တာ"

(၁)

သတင်း အချက်အလက်တွေကို ပုန်းအောင်း သီးနေသော သကြား သီးမှ ည့်အား သကြားပင်ရဲ့ သစ်ရွက်တွေ အကြားမှ ခူးဆွတ်သလို လို က်ရှာ ခူးဆွတ်ဖို့ အတွက် ပေါက်ကျော် အခန်းထဲမှာ ခိုအောင်းနေလို့ တော့ မရပါ။

လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တွေဟာ ပေါက်ကျော်အဖို့ သတင်း ဖမ်းဆွတ်ရာ နေရာတွေ ဖြစ်ပါသည် ။

"ဟော့ … တို့ မြို့ထဲမှာ အမျိုးသမီး နှစ်ယောက်ရဲ့ အန္တရာယ်ကို လုံးဝ သတိထားပြီး ရှောင်ရမယ်ကွ၊ တစ်ယောက်က ဆိုင်ကယ်နဲ့ ၊ တစ်ယော က်က စက်ဘီးနဲ့ "

"ဒါ ဂျာနယ်ထဲ ထည့်လို့ ရမလား"

"မင်းပြောတာ အပြာရောင် မျက်လုံးတစ်စုံ ပိုင်ရှင် မိန်းမရယ်၊ အန က်ရောင် မျက်လုံး ပိုင်ရှင် မိန်းမရယ် ဟုတ်တယ် မဟုတ်လား"

"အဲဒါ ယောက်ျားလေးတွေ ဘက်က ကာကွယ် စောင့်ရှောက်ပေးမ

ယ့် သတင်းမျိုး မင်း ရေးသင့်တယ်"

"အဲဒီငါးက ညှီစော်နံတယ်၊ ဂျာနယ်ထဲ ထည့်လို့ မဖြစ်ဘူး"

"ဒါဆို ထပ်ပြီး သတင်းတစ်ခု ပေးဦးမယ်၊ ငါတို့ မြို့မှာ အိပ်ချ်အိုင်ဗွီပိုး ရရှိသွားတဲ့ လူငယ် လူလတ်တွေ မနည်းတော့ဘူးကွ၊ တချို့က မဟုတ်တရုတ် လုပ်လို့ ရလာတာ၊ တချို့က ရိုးရိုးသားသား နေရင်း ထိုင်ရင်းနဲ့ အညှပ်မတတ် သင်ဒုံးဓား၊ အလှီးမတော် လက်သည်းညှပ်ကနေ အိပ်ချ်အိုင်ဗွီပိုး ပါလာတာ၊ ဘယ်လောက် ကြေကွဲဖို့ ကောင်းသလဲ၊ ဒီရောဂါဖြစ်လာရင် နာမည်က မသေခင်က ပုပ်နေတာ၊ သေသွားပြီးရင် နာမည်ပျက် ကျန်ရစ်နေမှာ ၊ ဒါကို သတင်းလုပ်ရင် ရမှာ ပေါ့"

"အေး ... ခုတ်ထစ် လှီးဖြတ်ပြီး ချိုချိုသာသာ ရေးတတ်မယ်ဆိုရင် သတင်းကောင်းလေး တစ်ပုဒ်ရမှာ ပဲ"

ပေါက်ကျော် ထိုသတင်းကို ခေါင်းထဲမှာ ဇာတ်လမ်းလေးလို စီစဉ်ကြည့်၏။

လူတစ်ယောက်။

အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရပုံ၊ ဝေဒနာ ခံစားရပုံ အဆင့်ဆင့်၊ မိသားစုကို အသိမပေးဘဲ ကျိတ်ကုပုံ၊ နောက်တော့လည်း သတင်းက ပျံ့နှံ့သွားပုံ၊ ရောဂါ ခံစားရခြင်းမီးနှင့် ရှက်ရွံ့ခြင်း မီးတောက်ကို စောင်တစ်ထည်လို ခြုံထားရပုံ။

နောက်တော့လည်း သေဆုံး။

"ဟေ့ ငှက်ပျောပူတင်း တစ်တုံး ပေးပါဦး"

ပေါက်ကျော်သည် စားပွဲကို ဖြန်းခနဲ ရိုက်လိုက်ပြီး ငှက်ပျောပူတင်း တစ်တုံး ထပ်မှာ လိုက်သည် ။

နောက်တော့ သူသည် စားပွဲကို လက်ဖဝါးနှင့် တဖြန်းဖြန်း ရိုက်နေ၏။

"ဟော့ကောင် ပေါက်ကျော် ... ဘယ်လို ဖြစ်သွားရတာလဲ"

"မင်းပြောတဲ့ သတင်းကို ခေါင်းထဲမှာ ဇာတ်လမ်းဆင်ရင်း ကက်ဆက် ဖွင့်ထားတဲ့ ဆီက အယ်လ်တာနေးတစ် သီချင်းတွေကို နားထောင်ရင်း စည်းချက် လိုက်ကြည့် မိတာပါကွာ"

"သတင်းက လွမ်းဖွယ် ဇာတ်လမ်းရယ်၊ မင်း စည်းချက် လိုက်နေတာက ပျော်သွားတဲ့ ပုံစံပဲ၊ ဘယ်လိုလဲ မင်းဟာက ဆန့်ကျင်ဘက် ခံစားမှုကြီး"

"သတင်းရဲ့ အခြေခံဇာစ်မြစ်က ကြေကွဲစရာ ဖြစ်ပေမဲ့ အဲဒီသတင်း ဂျာနယ်ထဲမှာ ပါလာရင် ငါက ပိုက်ဆံရမှာ ကွ"

ပေါက်ကျော်သည် စားပွဲကို လက်ဖဝါးနှင့် ဆက်ရိုက်ပုတ်နေ၏။

"ဂျာနယ်လစ်တွေများ တော်တော် အကြင်နာတရား ကင်းမဲ့တာပဲ နော်"

"ဂျာနယ်လစ်ဆိုတာ ခံစားမှု ကင်းမဲ့ရတယ်ကွ"

(က)

တစ်ယောက်ရဲ့ အမြင်မှ တစ်ယောက်က ပုန်းကွယ်လို့ ။ သူက သူ့လျှာအောက်မှာ ပုန်းကွယ်တော့ သူက သူ့ကို ကမ္ဘာမြေအောက်မှာ ရှာဖွေလို့ ။ သူက သူ့ရဲ့ နဖူးပေါ်မှာ ပုန်းကွယ်တော့ သူက မိုးကောင်းကင်

ထဲသူ့ကို သွားလို့ ရှာဖွေရဲ့ ...။

သူ့ရဲ့ မေ့ပျောက်ခြင်းထဲမှာ သူ ပုန်းကွယ်တော့ သူက မြက်ပင်တွေ မြက်ခင်းတွေထဲ သူ့ကို သွားရှာဖွေရော။

သူ့ကို ရှာဖွေကြည့်တယ်။

သူ့ကို ဘယ်မှာ ရှာဖွေရမှန်းလည်း သူ မသိတော့ဘူး။

ရှာဖွေရင်း ရှာဖွေရင်းနဲ့ ပဲ

ရှာဖွေသူကိုယ်တိုင် ပျောက်ဆုံးနေတယ်။

***